**သင်၏ဆေး - Hydrochlorothiazide (HCTZ) (ဆီးသွားဆေး) ________ mg**

**ဘာကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုရရှိပါသနည်း?** သင့်တွင် သွေးတိုးရောဂါရှိသည်။ ကုသမှုမရှိလျှင် သွေးတိုးရောဂါသည် အန္တရာယ်ရှိသည်။ ၎င်းသည် လေဖြတ်ခြင်းများ နှင့် နှလုံးဖောက်ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကုသမှုမရှိသည့်သွေးတိုးရောဂါကြောင့် သင့်အသက်ဆုံးရှုံးနိုင်ပါသည်။

**မနက်တိုင်းတွင် ပထမဦးဆုံးအနေဖြင့် ဆေး ၁ လုံးသောက်ပါ။** ဆေးမသောက်မီ အစာစားရန်မလိုအပ်ပါ။

**ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?** ဤဆေးသောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာတစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုးကျိုးများအချို့မှာ HCTZ သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ ဝမ်းသွားခြင်း၊ မူးဝေခြင်း၊ အစာစားချင်စိတ်ပျောက်ခြင်း၊ ဗိုက်နာခြင်း နှင့် ခေါင်းကိုက်ခြင်းတို့ ပါဝင်နိုင်ပါသည်။

ဘေးထွက်ဆိုးကျိုးများအချို့မှာ မကြာခဏဖြစ်ပေါ်မှုမရှိသော်လည်း ပြင်းထန်နိုင်ပါသည်။ **အင်ပြင်ကွက်ထခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊ လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှုရန် ခက်ခဲခြင်း သို့မဟုတ် မောဟိုက်ခြင်း၊ မျက်လုံးနာခြင်း/အမြင်အာရုံကျဆင်းလာခြင်း၊ သို့မ့ဟုတ် ဆီးနည်းခြင်း သို့မဟုတ် ဆီးသေခြင်းတို့ ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးပေါ် ခန်းသို့ ချက်ချင်းသွားပါ။**

**နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?**

---

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။
2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. အရက်မသောက်ပါနှင့်။ ရေအလုံအလောက်သောက်သုံးပါ။
4. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၎င်းတို့အား သင့်တွင်သွေးတိုးရောဂါရှိကြောင်းနှင့် Lisinopril သောက်နေကြောင်း ပြောပြပါ။
5. သင်ကိုယ်ဝန်ရှိလာလျှင်၊ ဤဆေးသောက်သုံးခြင်းကို ချက်ချင်းရပ်တန့်ပါ။ ကျွန်ုပ်တို့မှ သွေးတိုးရောဂါအတွက် သင်သောက်ရန် အခြားဆေးကို ရှာနိုင်ရန်အတွက် Grace Village Medical Clinic ထံသို့ ဆရာဝန်နှင့်တွေ့ရန်ပြန်လာပါ။

"ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မီသော ကျန်းမာရေး ထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။"